စိတ်ကူးချိုချိုအနုပညာ

# ခေါင်းဆောင်ဖြစ်ဖို့ ရာထူးမလိုပါ

စိုးအုပ်-မြန်မာပြန်

## The Leader who had No Title

Robin Sharma

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၆ ၀ ၀ ၀ ကျပ်

၈ ၀ ၈ · ၈ ၃

ခေါင်းဆောင်ဖြစ်ဖို့ရာထူးမလိုပါ
စိုးအုပ် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
စာမျက်နှာ ၃၃၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) ခေါင်းဆောင်ဖြစ်ဖို့ရာထူးမလိုပါ

စိတ်ကူးချိုချိုစာအုပ်

# ခေါင်းဆောင်ဖြစ်ဖို့ ရာထူးမလိုပါ

# The Leader who had No Title

**ROBIN SHARMA**

## စိုးအုပ်

မြန်မာပြန်

ပထမအကြိမ်

စီးပွားရေးလုပ်ငန်းနှင့် ဘဝတွင် အမှန်တကယ်
အောင်မြင်မှုနှင့်ပတ်သက်သော ခေတ်သစ်ပုံပြင်တစ်ပုဒ်

# ခေါင်းဆောင်ဖြစ်ဖို့ ရာထူးမလိုပါ

ရော်ဘင်ရှားမား
(အုပ်ရေသုံးသန်းကျော်ရောင်းချခဲ့ရသော
'The Monk Who Sold His Ferrari' စာအုပ်ကို ရေးသားခဲ့သူ)

စိုးအုပ် ပြန်ဆိုသည်။

ဤစာအုပ်ကို စာဖတ်သူမိတ်ဆွေအတွက် ရည်စူးရေးသားပါသည်။ သင့်ခန္ဓာကိုယ်အတွင်း ကိန်းအောင်းနေသော ခေါင်းဆောင်စိတ်ကို ထက်သန်နိုးကြွားလာစေလိုသော သင်၏ဆန္ဒက ကျွန်ုပ်ကို လှုံ့ဆော်နှိုးဆွပါသည်။ သင်၏အလုပ်ကို အကောင်းဆုံးလုပ်ဆောင်ရန်ချမှတ်ထားသော သင်၏သန္နိဋ္ဌာန်က ကျွန်ုပ်ကို စေ့ဆော်တွန်းပေးပါသည်။ ပြီးတော့ သင်တွေ့ခဲ့သော လူတိုင်း၏ဘဝများ ပိုမိုကောင်းမွန်တိုးတက်လာစေမည့် လုပ်ငန်းအတွက် သင်၏အဆင်သင့်ဖြစ်နေမှုက လူများ မည်သည့်ဂုဏ်ထူးဘွဲ့ထူးရာထူးနေရာမှမရှိဘဲ ဦးဆောင်သူများဖြစ်လာစေရေးအတွက် ဝင်ကူညီရာတွင် ကျွန်ုပ်ဘဝ၏ အရင်းအမြစ်များကို ပို၍ပင်သုံးစွဲဖြစ်လာအောင် ကျွန်ုပ်ကို တိုက်တွန်းအားပေးပါသည်။ နူးညံ့သိမ်မွေ့တဲ့ နည်းလမ်းတစ်ခုနဲ့ ကမ္ဘာကြီး လှုပ်ရမ်းတုန်ခါသွားအောင် သင်လုပ်နိုင်ပါတယ်။

မဟာတ္တမဂန္ဓီ

# မာတိကာ

- ရော်ဘင်ရှားမား၏ စကားချီး ဣ

အခန်း(၁) ခေါင်းဆောင်မှုနှင့် အောင်မြင်မှုသည်
သင်၏မွေးရာပါ အခွင့်အရေးဖြစ်သည် ၁

အခန်း(၂) ခေါင်းဆောင်မှုဆိုင်ရာဆရာတစ်ဦးနှင့် တွေ့ဆုံဖြစ်ခဲ့ခြင်း ၁၁

အခန်း(၃) ရှက်ကြမ်းရေကျိုဘဝ၏ ဝမ်းနည်းဖွယ်ကုန်ကျစရိတ်များနှင့်
ခေါင်းဆောင်မှုစွမ်းရည်၏ အံ့မခန်းဖွယ်ရာဆုလာဘ်များ ၄၆

အခန်း(၄) ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် ပထမဆုံးစကားဝိုင်း -
ခေါင်းဆောင်တစ်ယောက်ဖြစ်လာဖို့
ဘာဂုဏ်ထူး ဘွဲ့ထူးရာထူးနေရာမှမလိုပါ ၇၂

အခန်း(၅) ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် ဒုတိယ စကားဝိုင်း -
ရုတ်ရုတ်သဲသဲ ကသောင်းကနင်း အချိန်ကာလများက
ကြီးမြတ်သော ခေါင်းဆောင်များကို မွေးထုတ်ပေးသည် ၁၄၃

အခန်း(၆) ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် တတိယ စကားဝိုင်း -
လူမှုဆက်ဆံရေး နယ်ပယ်အတွင်းသို့
ပိုပြီးနက်နက်ရှိုင်းရှိုင်း ဝင်ရောက်လေလေ
သင်၏ ခေါင်းဆောင်မှု ပိုပြီးခိုင်မာ အားကောင်းလေလေ ၂၁၆

အခန်း(၇) ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် စတုတ္ထစကားဝိုင်း -
ကြီးမြတ်သော ခေါင်းဆောင်တစ်ယောက်ဖြစ်လာလိုလျှင်
ကြီးမြတ်သောလူပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာအောင်
ပထမ လုပ်ပါ ၂၆၃

- နိဂုံး ၃၂၂
- စာရေးသူအကြောင်း ၃၃၁

❑

## ရော်ဘင်ရှားမား၏ စကားချီး

အခု ခင်ဗျားလက်ထဲရောက်နေတဲ့ စာအုပ်က မိုက္ကရိုဆော့၊ ဂျီအီး၊ နိုကေး၊ ဖက်ဒ်အိတ်က်စ်တို့အပါအဝင် (Fortune 500)စာရင်းထဲက ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းအများအပြားတို့အပြင် ယေးလ်တက္ကသိုလ်၊ အမေရိကန်ကြက်ခြေနီနဲ့ လူငယ်ဥက္ကဋ္ဌများ အဖွဲ့တို့လိုအဖွဲ့တွေရဲ့ ခေါင်းဆောင်မှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ၁၅ နှစ်နီးပါးကြာ တာဝန်ယူလုပ်ဆောင်ခဲ့တဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံတွေကို အဆီညှစ် အနှစ်ထုတ်ထားတာဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ ကျွန်တော် ခင်ဗျားကို သင်ကြားပို့ချပေးမယ့် ခေါင်းဆောင်မှုစနစ်ကို လက်တွေ့အသုံးချခြင်းဖြင့် ခင်ဗျားဟာ ခင်ဗျားရဲ့ လုပ်ငန်းထဲမှာ အံ့မခန်းရလဒ်တွေကို မြင်တွေ့ရမှာဖြစ်ပြီး ခင်ဗျားပါဝင်နေတဲ့ အဖွဲ့အစည်းကိုလည်း ဆန်းသစ်တီထွင်မှု၊ လုပ်ငန်းစွမ်းဆောင်မှုနဲ့ မိမိရဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ပံ့ပိုးအားပေးနေကြတဲ့ စားသုံးသူတွေရဲ့ သစ္စာရှိမှုဆိုင်ရာနယ်ပယ်တွေမှာ တစ်ခုလုံးသစ်လွင်တဲ့အဆင့်တစ်ခုသို့ မြင့်တက်ရောက်ရှိလာအောင် ကူညီနိုင်မှာဖြစ်ပါတယ်။ သင်ဟာ သင့်ရဲ့ပုဂ္ဂိုလ်ရေးဘဝနဲ့ ကမ္ဘာလောကအတွင်း သင်ပေါ်ထွက်လာတဲ့ နည်းလမ်းနဲ့ပတ်သက်ပြီး လေးနက်တဲ့ တိုးတက်မှုတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ကျေးဇူးပြုပြီး ဟောဒီအချက်ကို မှတ်သားထားပါ။ ကျွန်တော် အခု ခင်ဗျားကို လက်ဆင့်ကမ်းမျှဝေပေးတော့မယ့် ခေါင်းဆောင်မှုနည်းလမ်းကို ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အဖြစ် ခင်ဗျားကို ပေးမှာဖြစ်ပါတယ်။ သူ့ရဲကောင်း

ဖြစ်တဲ့ ဘလိတ်ဒေးဗစ် သူတစ်သက်မေ့မရနိုင်တဲ့ တော်မီဖလင်းနဲ့ သူ့ရဲ့ အလုပ်လုပ်ပုံလုပ်နည်း ဘ၀နေပုံနေပုံနေနည်းပုံစံတွေကို အသွင်ပြောင်းပေးလိုက်တဲ့ ထူးခြားတဲ့ဆရာ ၄ ယောက်တို့ဟာ စိတ်ကူးဇာတ်ကောင်တွေ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပိုပိုကဲကဲထက်သန်တက်ကြွတဲ့ စိတ်ကူးယဉ်မှုက ထွက်ပေါ်လာတဲ့ ထုတ်ကုန်တွေဖြစ်ကြပါတယ်။ ဒါပေမဲ့ ခေါင်းဆောင်မှုစနစ်ကိုယ်တိုင်ရော အဲဒီခေါင်းဆောင်မှု တည်ဆောက်ပေါ်ထွက်လာတဲ့ အခြေခံမှုတွေ လက်နက်ကိရိယာတန်ဆာပလာတွေနဲ့ နည်းနာနိသယတွေရောဟာ တကယ်ကို အစစ်အမှန်တွေဖြစ်ကြပြီး အဲဒီအရာတွေက ကမ္ဘာပေါ်မှာ အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းအများအပြားထဲက လူထောင်ပေါင်းရာပေါင်းများစွာကို လုပ်ငန်းအောင်မြင်မှုရရှိပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးကို ဦးဆောင်နိုင်အောင် ကူညီခဲ့ကြပြီးဖြစ်တယ်ဆိုတဲ့အချက်ကိုတော့ ယုံကြည်ကြပါ။

သားကောင်တွေက ပြဿနာတွေကို အာရုံဆောင်ထားတတ်ကြပါတယ်။ ခေါင်းဆောင်တွေကတော့ ပြဿနာတွေရဲ့အဖြေတွေကို တင်ပြတတ်ကြပါတယ်။ ကျွန်တော့်ရင်ထဲက ရိုးသားဖြောင့်မှန်တဲ့ မျှော်လင့်ချက်ကတော့ ‘ခေါင်းဆောင်ဖြစ်ဖို့ ရာထူးမလိုပါ’ စာအုပ်က ဟောဒီ ဆူဆူညံညံ ရုတ်ရုတ်သဲသဲနဲ့ မသေချာမရေရာမှုတွေ များပြားလှတဲ့ခေတ်မှာ ခင်ဗျားနဲ့ ခင်ဗျားအလုပ်လုပ်တဲ့ အဖွဲ့အစည်းအတွက် ခင်ဗျားရဲ့ အကြွင်းမဲ့ အကောင်းဆုံးဆီသို့ လျှင်မြန်စွာနဲ့ တင့်တယ်ခံ့ညားစွာ ရောက်ရှိလာမယ့် ကစားပွဲကို ပြောင်းလဲပစ်မယ့်အဖြေတစ်ခု အသေအချာ ပေးဆပ်နိုင်လိမ့်မယ်ဆိုတာပါပဲ။

**ရော်ဘင်ရှားမား**

**အခန်း (၁)**

## ခေါင်းဆောင်မှုနှင့် အောင်မြင်မှုသည် သင်၏ မွေးရာပါ အခွင့်အရေးဖြစ်သည်

*အားကောင်းမောင်းသန် မျှော်လင့်ချက်အချို့နှင့် မစတင်လျှင် မည်သူမျှ မိမိ၏ အားကောင်းမောင်းသန်အဖြစ်ဆုံး မျှော်လင့်ချက်များကို ကျော်လွန်၍ အောင်မြင်မှုမရနိုင်။*

**ရပ်လ်ဖ်ချာရဲ**

*အောင်မြင်ပြီးမြောက်မှုတစ်ခုကို မြင်ရသည့် မြင်ကွင်းမှာ လူတစ်ယောက်က အခြားသူများကို ပေးဆပ်နိုင်သမျှ အကြီးဆုံးလက်ဆောင်ဖြစ်သည်။*

**အန်းရင်းဒ်**

ကျွန်တော်တို့အားလုံး ပါရမီရှင်များအဖြစ် မွေးဖွားလာကြပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက လူများစုဟာ ရွက်ကြမ်းရေကျိုဘဝနဲ့

နေပြီး ရွက်ကြမ်းရေကျိုဘဝနဲ့ သေဆုံးသွားနေကြတဲ့ အဖြစ်ပါပဲ။ ကျွန်တော်တို့ အတူရှိနေကြတဲ့ကာလတိုကလေးအတွင်း အဲဒီခါးသီးတဲ့ အမှန်တရားကို အဲသလောက် စောစောစီးစီး ဖွင့်ဟဖော်ထုတ်ပြလိုက်မှုကြောင့် ခင်ဗျားစိတ်တွေ ဂယောက်ဂယက်ဖြစ်မသွားဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ကို စီးပွားရေးလုပ်ငန်းနယ်ပယ်မှာ ထူးထူးခြားခြား အောင်မြင်သူတစ်ယောက်နဲ့ဘဝမှာ နက်နက်ရှိုင်းရှိုင်းဆန္ဒပြည့်ဝသူတစ်ယောက် ဖြစ်လာအောင် အထောက်အကူပေးခဲ့တဲ့ ထူးခြားဆန်းကြယ်တဲ့ လျှို့ဝှက်ချက်တစ်သီတစ်တန်းကို လေ့လာသင်ယူခွင့်ရလောက်အောင် ကံကောင်းခဲ့တဲ့ အညတရလူသားတစ်ဦးဖြစ်တယ် ဆိုတဲ့အချက်ကိုလည်း မျှဝေပေးမှာဖြစ်ပါတယ်။ သတင်းကောင်းကတော့ အတော်ကလေးလန့်လောက်စရာကောင်းတဲ့စွန့်စားခန်းတစ်ခုအတွင်း ကျွန်တော်ရှာဖွေတွေ့ရှိခဲ့သမျှ အရာအားလုံးကို ခင်ဗျားတို့ကိုမျှဝေဖို့ ကျွန်တော် ဟောဒီနေရာမှာရှိနေတယ်ဆိုတဲ့အချက်ပါပဲ။ ဒါကြောင့် ခင်ဗျားတို့လည်း အများက အံ့သြချီးကျူးလက်ဖျားခါသွားရလောက်အောင် လုပ်ဆောင်နိုင်ပါတယ်။ ပြီးတော့ ခင်ဗျားတို့ရဲ့ဘဝကို အပြည့် နေထိုင်နိုင်ပါတယ်။ ဒီကနေ့ပဲ စလိုက်ပါ။

အခု ကျွန်တော်ထုတ်ဖော်ပြသမယ့် အားကောင်းတဲ့သင်ခန်းစာတွေကို ညင်သာသိမ်မွေ့စွာ သတိကြီးစွာနဲ့ စစ်မှန်ရိုးသားတဲ့ တိုက်တွန်းအားပေးမှုတို့နဲ့အတူ ခင်ဗျားတို့ကို မျှဝေမှာဖြစ်ပါတယ်။ အတူစီးနင်းသွားကြမယ့် ကျွန်တော်တို့ရဲ့ အဲဒီခရီးဟာ ပျော်ရွှင်မှု၊ နှီးကြားတက်ကြွမှုနဲ့ သာယာကြည်နူးမှုအပြည့် ဖြစ်ပါလိမ့်မယ်။ ခင်ဗျားရှာဖွေတွေ့ရှိမယ့် အခြေခံမှုတွေနဲ့ လက်နက်ကိရိယာ တန်ဆာပလာတွေက ခင်ဗျားရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို အမြင့်ပျံစေလိမ့်မယ်။ ခင်ဗျားရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို တိုးတက်ကြီးပွားစေလိမ့်မယ်။ ခင်ဗျားခန္ဓာကိုယ်ထဲက အကောင်းဆုံးစွမ်းပကားတွေကို အမြင့်မားဆုံးပေါ်ထွက်လာစေလိမ့်မယ်ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါတွေအားလုံးထက် ပိုအရေးကြီးတာကတော့ ကျွန်တော် ခင်ဗျားအပေါ် ရိုးရိုးသားသားဆက်ဆံပြောဆိုသွားမယ်ဆိုတဲ့အချက်ကို ကျွန်တော် ခင်ဗျားကို ကတိပေးတယ်ဆိုတဲ့အချက်ပါပဲ။ ခင်ဗျားကို အဲဒီလေးစားမှုပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။

ကျွန်တော့်နာမည်က ဘလိတ်ဒေးဗစ်ပါ။ ကျွန်တော်ဟာ မီလ်ဝူကီးမှာ မွေးဖွားခဲ့သူဖြစ်ပေမယ့် ကျွန်တော့်တစ်ဘဝလုံးနီးပါး ဟောဒီ နယူးယော့ စီးတီးမှာနေထိုင်ခဲ့သူဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော် ဒီမြို့ကို ချစ်လည်း ချစ်ပါသေးတယ်။ စားသောက်ဆိုင်တွေ၊ အေးဆေးတည်ငြိမ်မှု သို့မဟုတ် ကသုတ်ကရက်နိုင်မှု၊ လူတွေ ပြီးတော့ လမ်းပေါ်က ဟော့ဒေါ့ဆိုင်တွေ၊ မယုံကြည်နိုင်လောက် နိုင်လောက်စရာပါ။ ဟုတ်ကဲ့ ကျွန်တော်က အစား အသောက်ခုံမင်သူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်ဘာကို နှစ်သက် သလဲလို့ ခင်ဗျား ကျွန်တော့်ကိုမေးရင် အင်မတန်မှ ရှင်သန်တက်ကြွတဲ့ စကားဝိုင်းတွေ၊ ကျွန်တော်နှစ်သက်တဲ့အားကစားနည်းတွေ၊ စာအုပ်ကောင်း တွေအပြင် ဘဝရဲ့အကောင်းဆုံးသော ပျော်ရွှင်ကြည်နူးဖွယ်ရာတွေထဲက တစ်ခုအဖြစ် အစားအသောက်ကိုပါ ကျွန်တော် ထည့်သွင်းဖြေဆိုမှာဖြစ်ပါ တယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ “ဇရာမပန်းသီး” လို နေရာမျိုး တကယ်ကို မရှိပါဘူး။ ကျွန်တော် ဒီမြို့ကို စွန့်ခွာကျောခိုင်းဖို့အစီအစဉ် လုံးဝမရှိပါဘူး။ အဲဒါ တစ်သက်လုံးအတွက်ပါ။

ကျွန်တော်တစ်ချိန်က ရှိခဲ့ဖူးတဲ့နေရာကနေ ကျွန်တော် အမြဲ အိပ်မက် မက်ခဲ့ရတဲ့နေရာကို ရောက်လာအောင်တွန်းပို့ခဲ့တဲ့ ထူးခြားဆန်းကျယ်ပေမယ့် တန်ဖိုးကြီးမားတဲ့အဖြစ်အပျက်တွေအကြောင်း ကျွန်တော် ခင်ဗျားကို ပြောမပြမီ ကျွန်တော့်ရဲ့ ဘဝနောက်ခံကားချပ်အကြောင်း နည်းနည်းလောက် ပြောခွင့် ရစေချင်ပါတယ်။ ကျွန်တော့်အမေဟာ ဒီကမ္ဘာပေါ်မှာ ကျွန်တော်ကြုံခဲ့ဖူး သမျှ လူတွေထဲမှာ ကြင်နာတရားအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော့် အဖေကတော့ ကမ္ဘာပေါ်မှာ ကျွန်တော်သိခဲ့ဖူးသမျှ လူတွေထဲမှာ ဆုံးဖြတ် ချက် အခိုင်မာအပြတ်သားဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတို့ နှစ်ဦးဟာ ‘ဆား’ လိုလူတွေ ဖြစ်ပါတယ်။ ခြောက်ပြစ်ကင်း သဲလဲစင်တော့မဟုတ်ဘူး။ ဒါပေမဲ့ အဓိကအချက်က သူတို့ဟာ ဘာပဲလုပ်လုပ် အကောင်းဆုံးဖြစ်အောင် လုပ် လေ့ရှိသူတွေဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော့်စိတ်ထဲမှာတော့ သင်လုပ်နိုင်တဲ့ အကောင်းဆုံးဟာ သင်လုပ်နိုင်သမျှ အားလုံးပဲဖြစ်ပါတယ်။ အဲသလိုလုပ်ပြီး တာနဲ့ ခင်ဗျားဟာ အိမ်ပြန်ပြီး နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်ပါတယ်။ သင်ထိန်းချုပ်စေစားလို့မရတဲ့ အရာကိစ္စတွေအတွက် စိုးရိမ်ပူပန်နေခြင်းဟာ

သင့်စိတ်ကျန်းမာရေး ချွတ်ယွင်းစေဖို့ အတော်ကလေးလုံလောက်တဲ့ ပုံသေနည်းတစ်ခုဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ အင်မတန်မှ စိုးရိမ်ပူပန်ခဲ့တဲ့ ကိစ္စအများစုဟာ တကယ့်လက်တွေ့မှာဖြစ်မလာကြပါဘူး။ အဲဒီအကြောင်း ကတ်ဗွန်နီဂတ်က လှလှပပလေးပြောခဲ့ဖူးပါတယ်။ သူက "ခင်ဗျားဘဝထဲက တကယ့်ပြဿနာတွေဟာ ခင်ဗျားရဲ့စိုးရိမ်ပူပန်နေတဲ့စိတ်ကို ဘယ်တော့မှ ဖြတ်ဝင်မလာတဲ့အရာတွေ ဖြစ်လေ့ရှိတယ်... မွန်းလွဲ ၄ နာရီမှာ ခင်ဗျားကို မျက်စိပြာသွားစေတဲ့အရာမျိုးပေါ့.. တချို့သော ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အင်္ဂါနေ့လိုမျိုးပေါ့" လို့ ပြောခဲ့တာဖြစ်ပါတယ်။

ကျွန်တော့်မိဘတွေက ကျွန်တော့်ကို နည်းသဏ္ဍာန်မျိုးစုံနဲ့ ပုံလောင်းခဲ့ကြပါတယ်။ သူတို့မှာ အရာဝတ္ထုများများစားစားမရှိပါဘူး။ ဒါပေမဲ့ နည်းလမ်းအများအပြားအားဖြင့် သူတို့ဆီမှာ အရာရာတိုင်းရှိပါတယ်။ သူတို့မှာ သူတို့ရဲ့ ယုံကြည်ချက် ခံယူချက်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်တဲ့ သတ္တိရှိတယ်။ သူတို့မှာ အထက်တန်းစား တန်ဖိုးထားမှုတွေရှိတယ်။ ပြီးတော့ သူတို့မှာ ကိုယ့်ကိုယ်ကိုယ် ရိုသေလေးစားမှုလည်းရှိပါတယ်။ ဒီကနေ့အထိ ကျွန်တော် သူတို့ကို နက်နက်ရှိုင်းရှိုင်း လွမ်းဆွတ်သတိရ တမ်းတနေဆဲပါ။ သူတို့ကို လေးစားတန်ဖိုးထားဖို့ မေ့လျော့ပြီး ကျော်လွန်ကုန်ဆုံးသွားတဲ့ နေ့ရက်တစ်ရက်မှ ကျွန်တော့်ဘဝထဲမှာ မရှိခဲ့သေးပါဘူး။ တစ်ကိုယ်တည်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်နေခွင့်ရတဲ့ အခိုက်အတန့်တွေမှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ အချစ်ဆုံးလူတွေရဲ့စကားကို အလိုအလျောက် ယုံကြည်ပြီးသားဖြစ်နေလေ့ရှိကြတယ်ဆိုတဲ့အချက်ကို ကျွန်တော် ပြန်တွေးနေတတ်ပါတယ်။ သူတို့ကို ကျွန်တော့်တို့ မဆုံးရှုံးခင်အထိပေါ့။ ဆုံးရှုံးသွားပြီးနောက်မှာ သူတို့ရရှိဖို့ ထိုက်တန်တဲ့ ပြုမူဆက်ဆံမှုကို သူတို့ရရှိစေဖို့ ဒုတိယမြောက်အခွင့်အလမ်းတစ်ခုအတွက် ကျွန်တော်တို့ ရှည်ရှည်လျားလျားတိတ်တိတ်ဆိတ်ဆိတ် လမ်းလျှောက်ကြ ဆုတောင်းကြတယ်။ ကျေးဇူးပြုပြီး အဲဒီဝမ်းနည်းနောင်တရမှုမျိုးက ခင်ဗျားတို့ဘဝကို မကူးစက်ပါစေနဲ့။ အဲဒါမျိုး မြောက်မြားလှစွာသော ကျွန်တော်တို့လူသားတွေအတွင်း မကြာခဏဆိုသလို ဖြစ်ပျက်လေ့ရှိပါတယ်။ ခင်ဗျားဟာ အခုအချိန်အထိ မိဘနှစ်ပါးစလုံး သက်ရှိထင်ရှားရှိနေသေးတဲ့ ကောင်းကင်ဘုံရဲ့ ကောင်းချီး

ပေးမှုကိုရရှိထားတယ်ဆိုရင် ခင်ဗျားရဲ့မိတ်ဆွေကို လေးစားတန်ဖိုးထားပါ။ အဲဒီအလုပ်ကို ဒီကနေ့ပဲ စလုပ်ပါ။

ကျွန်တော်ဟာ တန်ဖိုးရှိတဲ့ လူငယ်တစ်ဦးအဖြစ် အရွယ်ရောက်ကြီးပြင်းလာခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်အဘိုးက ကျွန်တော့်ကို "ခြေထောက်နှစ်ချောင်းပေါ်က နှလုံးသားတစ်ခုလို့" ဖော်ပြလေ့ရှိပါတယ်။ ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ တစ်ယောက်ယောက်ကို ထိခိုက်နာကျင်သွားအောင် တစ်ခုခုကို အဟန့်အတားအနှောင့်အယှက်ဖြစ်သွားအောင် လုပ်ချင်တဲ့စိတ်မျိုး နည်းနည်းလေးမှမရှိခဲ့ပါဘူး။ ကျွန်တော်ဟာ စာတော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတွေကြားမှာလည်း ရေပန်းစားပါတယ်။ ကျောင်းဘောလုံးအသင်းမှာလည်း ကျွန်တော်ဝင်ထားပါတယ်။ ကျွန်တော့်မိဘတွေအသတ်ခံခဲ့ကြရပြီးတဲ့နောက် အဲဒါတွေအားလုံး ပြောင်းလဲသွားခဲ့ပါတယ်။ ကျွန်တော့်ခြေထောက်အောက်က မြေပြင်တစ်ခုလုံး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။ ကျွန်တော့်မှာ ဘာယုံကြည်မှုမှလည်း မရှိတော့ပါဘူး။ အာရုံစူးစိုက်မှုလည်း မရှိတော့ပါဘူး။ ကျွန်တော့်ဘဝဟာ ရပ်တန့်သွားခဲ့ပါတယ်။

အသက်နှစ်ဆယ်ကျော်စအရွယ်မှာ ကျွန်တော်ဟာ အလုပ်တစ်ခုကနေ တစ်ခုကို တရစပ်ပြောင်းနေခဲ့ပါတယ်။ ကျွန်တော်ဟာ ထုံပေပေဖြစ်နေပြီး ဘယ်ကိစ္စကိုမှလည်း စိတ်ဝင်စားမှုမရှိခဲ့ပါဘူး။ ရုပ်မြင်သံကြား တစ်နေကုန်ထိုင်ကြည့်တယ်။ အစားတွေ အလွန်အကျွံစားတယ်။ စိုးရိမ်သောကတွေ တစ်ပုံကြီးပွေ့ပိုက်ထားတယ်။ အနာဂတ်ပျောက်ဆုံးသွားပြီလို့ ခံစားနေရသူတစ်ဦးရဲ့ ရင်ထဲက နာကျင်မှုဝေဒနာတွေ သက်သာလျော့ပါးသွားလေမလားဆိုပြီး အဲဒါတွေကို လျှောက်လုပ်နေခဲ့မိတာ ဖြစ်ပါတယ်။

ကျွန်တော့်ဘဝရဲ့ အဲဒီကာလမှာအလုပ်ဆိုတာကို ကျွန်တော့်ရဲ့ အကောင်းဆုံး ကိုယ်ရည်ကိုယ်သွေးတွေကို ထုတ်ဖော်ပြသနိုင်တဲ့ စင်မြင့်တစ်ခုလို သဘောမထားဘဲ ငွေတောင်းပြေစာတွေကို ဖြေရှင်းပေးနိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ်သာ ကျွန်တော် သဘောထား အသုံးပြုခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အတွက်တော့ အလုပ်ဆိုတာ ကျွန်တော်မက်ခဲ့ဖူးတဲ့ အိပ်မက်အားလုံး အကောင်အထည်ပေါ်လာအောင် ပြုလုပ်ပေးနိုင်တဲ့ ခမ်းနားထည်ဝါလှတဲ့ အခွင့်အလမ်းတစ်ခုဆိုတာထက် တချက်ချက်ကုန်လွန်သွားနေ

တဲ့နာရီတွေကို ဖြတ်ကျော်သွားနိုင်တဲ့ ခက်ထန်ကြမ်းတမ်းတဲ့ နည်းလမ်းတစ်ခု ကလွဲပြီး ဘာမှမဟုတ်ပါဘူး။ အလုပ်ဆိုတာ အခြားသူတွေအပေါ် အလင်း ရောင်တစ်ခု ထွန်းပစေနိုင်တဲ့ အခွင့်အလမ်းတစ်ခုနဲ့ ပိုကောင်းတဲ့ အဖွဲ့အစည်း တစ်ခု အဲဒီကနေ ပိုကောင်းတဲ့ ကမ္ဘာကြီးတစ်ခု တည်ဆောက်ရေးမှာ ကျွန် တော့်ရဲ့နေ့ရက်တွေကို အသုံးပြုဖို့ နည်းလမ်းတစ်ခုဖြစ်ရမယ့်အစား ကျွန်တော့် အတွက်တော့ ကျွန်တော့်အချိန်တွေပေါ်က ကျော်ဖြတ်သွားတဲ့ ယာဉ်တစ်စီးမျှ သာ ဖြစ်ခဲ့ပါတယ်။

နောက်ဆုံးတော့ တပ်မတော်ထဲဝင်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါ တယ်။ အဲဒီဆုံးဖြတ်ချက်ဟာ ကျွန်တော့်ရဲ့ ကွဲကွာနေတဲ့ ကိုယ်နဲ့ စိတ်ကို ပြန်လည်ပေါင်းစည်းရာမှာနဲ့ ရှုပ်ရှုပ်ထွေးထွေး ကသောင်းကနင်းတွေ အလယ်မှာ တည်ငြိမ်မှုတချို့ကို ကျွန်တော် ရှာတွေ့ဖို့ အကူအညီ အထောက် အပံ့ဖြစ်စေခဲ့တဲ့လုပ်ရပ်ကောင်းတစ်ခုလိုဖြစ်ခဲ့ပါတယ်။ ကျွန်တော် အီရတ် စစ်မြေပြင်ကို ရောက်သွားပါတယ်။ စစ်သားအဖြစ်က ကျွန်တော်ဘဝဆီသို့ အရေးပါတဲ့အရာအရာတွေအမှန်တကယ်ပဲ သယ်ဆောင်ပေးလာခဲ့တာ မှန် ပေမယ့် ဒီကနေ့အထိ ကျွန်တော့်ကို ဆက်လက်ခြောက်လှန့်နေဆဲအတွေ့ အကြုံတွေကိုလည်းယူလာပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ အခြေခံ စစ်သင်တန်းတက်ခဲ့ကြတဲ့ မိတ်ဆွေတွေတိုက်ပွဲအတွင်း ကျဆုံးသွားခဲ့ကြတာ တွေကို ကျွန်တော်ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ ကလေးသာသာ အရွယ် စစ်သည်တွေ ကိုယ်လက်အင်္ဂါချို့တဲ့သွားလောက်တဲ့ ပြင်းထန်တဲ့ဒဏ်ရာကြီး တွေ ရရှိသွားကြတာတွေကိုလည်း ကျွန်တော်မြင်တွေ့ခဲ့ရပါတယ်။ ကျွန်တော့် ဘဝဖြစ်လာခဲ့တဲ့ ပုံပန်းသဏ္ဍာန်နဲ့ပတ်သက်ပြီး နောက်နောက်ကျိကျိနဲ့ မျှော် လင့်ချက်ကင်းမဲ့တဲ့ သတိပြုမိမှုထဲသို့ ကျွန်တော် နက်နက်ရှိုင်းရှိုင်း နစ်မြုပ်နေ ခဲ့စဉ်မှာ ကျွန်တော့်ရဲ့ စိတ်သန္တာန်အဟောင်းအတွင်း တည်ရှိခဲ့ဖွယ်ရှိတဲ့ ခပ်ပျော့ပျော့ စိတ်အားထက်သန်မှုမှန်သမျှ ကြုံလိုဖျော့တော့သွားခဲ့တဲ့ အဖြစ် ကို ကျွန်တော် သတိပြုနေခဲ့မိပါတယ်။ စစ်ပွဲအတွင်း ကျွန်တော်ဟာ ခန္ဓာကိုယ် မှာ ဒဏ်ရာမရခဲ့ပေမယ့် စိတ်ဒဏ်ရာရစစ်သားတစ်ဦးတော့ ဖြစ်လာခဲ့ပါ တယ်။ ကျွန်တော် ဘယ်သွားသွား အခုအထိ အဲဒီစစ်ပွဲရဲ့ တစ္ဆေတွေက ကျွန်တော်နဲ့အတူလိုက်ပါနေဆဲပါ။

တစ်နေ့မှာ မမျှော်လင့်ဘဲ အိမ်ပြန်ရမယ့်ရက် ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနေ့ရက်ရောက်လာတာ မြန်လွန်းလို့ ကျွန်တော့်ခေါင်းတွေ မူးဝေသလို ဖြစ်သွားခဲ့ပါတယ်။ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စီးစီးပြီး အမေရိက ပြန်ရောက်လာ၊ ပုံမှန်ဆေးစစ်ဆေးမှုတွေ ပြုလုပ်အပြီး တစ်ရက်နှစ်ရက် လောက်နေတော့ ကျွန်တော့်ရဲ့စာရွက်စာတမ်းတွေ ကျွန်တော့်ဆီ ရောက်လာ ပါတယ်။ စာထဲမှာ အထက်အရာရှိတွေက ကျွန်တော့်ကို နိုင်ငံအတွက် ကျရာတာဝန်ကို ထမ်းဆောင်ခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်းနဲ့ အနာဂတ် ဘဝအတွက် ကံကောင်းပါစေကြောင်း ဆုမွန်ကောင်းပို့သပါကြောင်း ရေးထား ပါတယ်။ နေရောင်တောက်ပတဲ့ နွေနေ့လယ်ခင်းတစ်ခုမှာ မြို့ရဲ့လမ်း တစ်ခုပေါ်မှာ လျှောက်လာရင်း ထိတ်လန့်ချောက်ချားစရာ အတွေးတစ်ခု ကျွန်တော့်ရင်ကို စိုးမိုးလာပြန်ပါတယ်။ ငါ့ဘေးနားမှာ ငါကလွဲပြီး ဘယ်သူမှ မရှိတဲ့ အခြေအနေပြန်ရောက်သွားပါပြီကောဆိုတဲ့ အတွေးပါ။

ကျွန်တော့်ရဲ့ အကြီးဆုံးတိုက်ပွဲကတော့ ကျွန်တော့်ကို မေ့လျော့ထားခဲ့ တဲ့ လူ့အဖွဲ့အစည်းတစ်ခုထဲသို့ ပြန်လည်ဝင်ရောက်နိုင်ဖို့ နည်းလမ်းရှာတဲ့ အလုပ်ပါပဲ။ အဲဒီကာလအတွင်း ညအများစုမှာ ကျွန်တော်အိပ်မရခဲ့ပါဘူး။ ကျွန်တော့်ရဲ့စိတ်ဟာ အီရတ်စစ်မြေပြင်မှာ ကျွန်တော်ကြုံခဲ့ရတဲ့ ထိတ်လန့် ချောက်ချားစရာမြင်ကွင်းတွေအကြောင်း ကြမ်းတမ်းတဲ့ အမှတ်ရချက်တွေနဲ့ နှိပ်စက်မှုကို ခံနေခဲ့ရပါတယ်။ နံနက်တွေမှာ ကျွန်တော်ဟာ အိပ်ရာကထပြီး တစ်နေ့တာလုပ်ငန်း စတင်နိုင်ရေးအတွက် လုံလောက်တဲ့ခွန်အားတွေရရှိ နိုင်ဖို့ အားတင်းရင်း တော်တော်နဲ့မထဖြစ်ခဲ့ပါဘူး။ ခန္ဓာကိုယ်က နာကျင် ကိုက်ခဲနေပြီး ဘာအကြောင်းမှ မယ်မယ်ရရမရှိဘဲ ထိတ်လန့် တုန်လှုပ် ချောက်ချားနေတတ်ပါတယ်။ အီရတ်စစ်မြေပြင်မှာ အတူလက်တွဲတိုက်ပွဲ ဝင်ခဲ့တဲ့ ရဲဘော်ရဲဘက် စစ်သည်တွေကလွဲပြီး တခြားဘယ်သူနဲ့မှလည်း မဆက်ဆံချင်သလိုဖြစ်နေပါတယ်။ အရင်က ကျွန်တော် နှစ်နှစ်သက်သက် လုပ်လေ့ရှိတဲ့အလုပ်တွေဟာ အခုအချိန်မှာ ကျွန်တော့်အတွက် ဘာမှမဟုတ် တော့သလို ဖြစ်နေပြီး အင်မတန်မှ ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အလုပ်တွေ ဖြစ်နေပါတယ်။ ကျွန်တော့်ဘဝဟာ ဘာရည်ရွယ်ချက်မှလည်းမရှိ ဘာ အဓိပ္ပာယ်မှလည်းမရှိ ဟာလာဟင်းလင်းကြီးဖြစ်နေပါတယ်။ တစ်ခါတလေ

များဆို ငါ သေသွားရင် ကောင်းမယ်ဆိုတဲ့အတွေးမျိုးတောင် ခေါင်းထဲ ပေါ်လာတတ်ပါတယ်။

ကျွန်တော့်မိဘတွေ ကျွန်တော့်ကိုပေးခဲ့တဲ့ လက်ဆောင်တွေထဲက အကောင်းဆုံး လက်ဆောင်ဟာ လေ့လာသင်ယူမှု အထူးသဖြင့် စာအုပ်တွေကတစ်ဆင့် လေ့လာသင်ယူမှုကို ချစ်မြတ်နိုးခြင်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ စာအုပ်တစ်အုပ်တည်းရဲ့ ရှေ့ဖုံးနဲ့ နောက်ဖုံးကြားမှာရှိတဲ့ အရာတွေဟာ (တကယ်လို့များ အဲဒါတွေအတိုင်း လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ခဲ့မယ်ဆိုရင်) ခင်ဗျားဘဝတစ်ခုလုံးကို အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲပစ်နိုင်တဲ့ စွမ်းအားရှိတဲ့ အတွေးအခေါ် အကြံအစည်အယူအဆ စိတ်ကူးစိတ်သန်းတွေဖြစ်ပါတယ်။ အချို့သောစိတ်ကူးစိတ်သန်းတွေဆိုရင် ပိုမိုထက်မြက်တဲ့ တွေးခေါ်ဆင်ခြင်သူတစ်ဦးဖြစ်လာဖို့ ပိုမိုကြံ့ခိုင်တဲ့စိတ်ဓာတ်တစ်ခုရှိလာဖို့အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ အားသွန်ခွန်စိုက်လေ့လာသင်ယူမှုဟာ လွတ်လပ်ပွင့်လင်းတဲ့ စိတ်ဓာတ်ရှိတဲ့ ခွန်အားပြည့်ဝသူတစ်ဦးရဲ့ အဓိကဂုဏ်အင်္ဂါတွေထဲက တစ်ခုဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပညာပေးမှုကို အဆက်မပြတ်နဲ့ သဲသဲမဲမဲလုပ်ဆောင်ခြင်းဟာ ရှုပ်ရှုပ်ထွေးထွေး ရတ်ရတ်သဲသဲကာလတွေကို ကျော်ဖြတ်သွားနိုင်ဖို့အတွက် အကြီးကျယ်ဆုံးသော ရင်သန်ရေးနည်းနာတစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်တွေဟာ အကောင်းဆုံးသော စာကြည့်တိုက်တွေကို ပိုင်ဆိုင်ထားသူတွေဖြစ်လေ့ရှိကြပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ဆိုဟိုက စာအုပ်ဆိုင်တစ်ဆိုင်မှာ စတင်အလုပ်လုပ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အပေါင်းလက္ခဏာမဆောင်တဲ့ အမြင်သဘောထားတွေနဲ့ ဆိုးဆိုးရွားရွား ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ စိတ်ဓာတ်တွေကြောင့် အဲဒီအလုပ်မှာ ကျွန်တော် အဆင်မပြေခဲ့ပါဘူး။ ကျွန်တော်က မန်နေဂျာရဲ့ ဆူပူကြိမ်းမောင်းမှုကို မကြာခဏခံရတာကြောင့် တစ်နေ့နေ့မှာ အလုပ်ထုတ်ပစ်တာခံရတော့မှာပဲလို့ တွေးထားပါတယ်။ ကျွန်တော်ဟာ ယေဘုယျအားဖြင့် အများရဲ့ အာရုံစိုက်ခြင်းမခံရတဲ့ သာမန်အသင်းသားတစ်ယောက်သာဖြစ်ပြီး ကျွန်တော့်ရဲ့ လုပ်ငန်းစွမ်းရည်ကလည်း ပျမ်းမျှအောက်မှာပဲရှိပါတယ်။ ကျွန်တော့်ကို ကယ်တင်ခဲ့သူကတော့ စာအုပ်

တွေကို ချစ်မြတ်နိုးတဲ့ ကျွန်တော့်ရဲ့ စိတ်ဓာတ်ပါပဲ။ ကျွန်တော့်ရဲ့ ညံ့ဖျင်းလှတဲ့ လုပ်ငန်းစွမ်းရည်နဲ့ အလုပ်အပေါ်ထားတဲ့ သဘောထားကြောင့် စာအုပ်ဆိုင် ကို ကြီးကြပ်လုပ်ကိုင်နေသူတွေက ကျွန်တော့်ကို အထင်သေးစိတ်ပျက် ကြပေမယ့် စာအုပ်ဆိုင် ဖောက်သည်တွေက ကျွန်တော့်ကို နှစ်သက်ကြတဲ့ ပုံရှိပါတယ်။ ဒီအချက်ကြောင့် ကျွန်တော် အလုပ်ထုတ်မခံရတာဖြစ်နိုင်ပါ တယ်။ ဒါပေမဲ့ ကျွန်တော့်အခြေအနေက အပ်ဖျားပေါ် မုန်ညင်းစေ့တင်ထား သလိုပါ။ အချိန်မရွေး အလုပ်ပြုတ်သွားနိုင်ပါတယ်။

ကဲ... အခုဇာတ်လမ်းရဲ့ တကယ်ကောင်းတဲ့ အပိုင်းကို ကျွန်တော် ပြောပါတော့မယ်။ တစ်နေ့မှာ ကျွန်တော့်ဘဝရဲ့ အံ့ဖွယ်သူရဲ အပြောင်းအလဲ တစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ ကောင်းတာတစ်ခုခုဖြစ်လာဖို့ ကျွန်တော် မရဲတရဲ မျှော်လင့်နေချိန်မှာ အကောင်းဟာ ကျွန်တော့်နောက်ကို အမဲလိုက် သလို လိုက်ခဲ့တာဖြစ်ပါတယ်။အဲဒီအခြေအနေက ကျွန်တော့်ဘဝကို လုံးလုံး လျားလျား ပြောင်းလဲပစ်လိုက်တာဖြစ်ပါတယ်။ အဖြစ်က ကျွန်တော်ကြုံခဲ့ဖူး သမျှ လူတွေထဲမှာ သိလိုစိတ်အပြင်းထန်ဆုံးလူတစ်ယောက် စာအုပ်ဆိုင်ကို ရောက်လာခဲ့တာနဲ့ စခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် အတူရှိခဲ့ကြတဲ့ အင်မတန်တိုတောင်းလှတဲ့ ကာလငယ်ကလေးတစ်ခုအတွင်း သူ ကျွန်တော့် ကို သင်ကြားပို့ချပေးခဲ့တဲ့ သင်ခန်းစာတွေက ကျွန်တော့်ကိုယ်ကျွန်တော် ချမှတ်ထားတဲ့ အကန့်အသတ်တွေအားလုံးကို တစ်စစီဖြစ်သွားအောင် လုပ်ပစ်လိုက်ပါတယ်။ အလုပ်လုပ်တဲ့ကိစ္စနဲ့ ရှင်သန်နေထိုင်တဲ့ကိစ္စမှာ လုံးလုံးလျားလျား အသစ်ဖြစ်တဲ့ နည်းလမ်းတစ်ခုကို ကျွန်တော့်ကို ပေးအပ်ခဲ့ ပါတယ်။

အခု အသက် ၂၉ နှစ်မှာ တစ်ချိန်က အိပ်မက်ပဲမက်ခဲ့ဖူးတဲ့ အောင်မြင် မှုထက်အများကြီးပိုတဲ့ အောင်မြင်မှုတွေရရှိနေချိန်မှာတော့ ခက်ခဲတဲ့ကာလ တွေက လူတွေကို ပိုမိုထူးချွန်ထက်မြက်လာအောင် ပြုလုပ်ပေးတယ်ဆိုတဲ့ အချက်ကို ကျွန်တော် သဘောပေါက်နားလည်နေပါပြီ။ အခက်အခဲတွေရဲ့ အလယ်မှာ အခွင့်အလမ်းရှိတယ်ဆိုတဲ့အချက်ကို ကျွန်တော်သဘောပေါက် နားလည်နေပါပြီ။ လူတိုင်း လူတိုင်းကို အလုပ်မှာရော ဘဝမှာပါ အနိုင်ရဖို့ တည်ဆောက်ထားတာဖြစ်တယ်ဆိုတဲ့အချက်ကို ကျွန်တော် သဘောပေါက်

နားလည်နေပါပြီ။ အခု ကျွန်တော် ခင်ဗျားကို ကျွန်တော့်ရဲ့ အတွေ့အကြုံတွေ ဝေမျှပေးပါတော့မယ်။

❑

**အခန်း (၂)**

## ခေါင်းဆောင်မှုဆိုင်ရာ ဆရာတစ်ဦးနှင့် တွေ့ဆုံဖြစ်ခဲ့ခြင်း

*နေ့ရက်များသည် ဝေးလံသောချစ်ကြည်ရေး ပါတီတစ်ခုမှ ပို့လိုက်သော ခြုံလွှမ်းဖုံးအုပ်ထားသူများပမာ ရောက်လာကြ ထွက်သွားကြသည်။ ဘာစကားမှတော့မပြော။ သူတို့ ယူဆောင်လာသော လက်ဆောင်များကို ကျွန်ုပ်တို့က အသုံးမပြုလျှင် ထိုလက်ဆောင်များကို သူတို့ တိတ်တိတ်ဆိတ်ဆိတ် ပြန်လည်ယူဆောင်သွားကြမည်သာဖြစ်သည်။*

**ရပ်လ်ဖ်ဝယ်လ်ဒိုအီမာဆင်**

ထူးထူးခြားခြားကြီးကို ပျင်းရိငြီးငွေ့စရာကောင်းတဲ့ နောက်ထပ်တနင်္လာနေ့ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က (တနင်္လာနံနက် စုံညီပွဲ) သိကြတဲ့ 'ဖောက်သည်ဝန်ဆောင်မှုသူရဲကောင်းများ' တို့ အသိအမှတ်ပြုရာနဲ့ အပေါစား အသင်းလက်ခုပ်ဩဘာသံများများ ထွက်ပေါ်ရာ 'ရက်သတ္တပတ်အစ အစည်းအဝေး' ကို ကျင်းပပြီးစဖြစ်ပါတယ်။ စာအုပ်ဆိုင်က ရောင်းအား

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e-Library ) တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

ကျွန်တော်တို့အားလုံး ပါရမီရှင်များအဖြစ် မွေးဖွားလာကြပါတယ်။
ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက လူများစုဟာ ရှက်ကြမ်းရေကျိုဘဝနဲ့
နေပြီး ရှက်ကြမ်းရေကျိုဘဝနဲ့ သေဆုံးသွားနေကြတဲ့ အဖြစ်ပါပဲ။
ကျွန်တော်တို့ အတူရှိနေကြတဲ့ ကာလတိုကလေးအတွင်း အဲဒီ ခါးသီးတဲ့
အမှန်တရားကို အဲသလောက် စောစောစီးစီး ဖွင့်ဟ ဖော်ထုတ်ပြလိုက်မှုကြောင့်
ခင်ဗျားစိတ်တွေ ဂယောက်ဂယက်ဖြစ်မသွားဖို့ ကျွန်တော်မျှော်လင့်ပါတယ်။

ISBN 9789997115232
SOE4
9 789997 115232
MMK 6,000.00